**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ ၁၆/၂၀၂၃**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမပြုမီ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် ကုန်စည်များစာရင်း အသိပေးကြေညာခြင်း**

၁။ အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှ ကုန်ပစ္စည်း တင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၇/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာဈေး လျော့ကျသည့်အချိန်တွင် ဝယ်ယူစုဆောင်းသိုလှောင်၍ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း၊ ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ပစ္စည်းများကို လိုအပ်သည့်အချိန်တွင် တင်သွင်း သိုလှောင်ခြင်းတို့ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် ရည်ရွယ်၍ အောက်ဖော်ပြပါ ကုန်စည်များကို သွင်းကုန်လိုင်စင်ကြိုတင် ရယူရန်မလိုဘဲ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတိုင်း အကောက်ခွန်ကုန်လှောင်ရုံသို့ ဤသတင်းလွှာထုတ်ပြန်သည့်နေ့မှစတင်၍ ထည့်သွင်းသိုလှောင်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဆေးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ

(ခ) စိုက်ပျိုးရေးသွင်းအားစုများ (မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး)

(ဂ) တိရစ္ဆာန်သုံးဆေးဝါးများ

(ဃ) စက်ဆီ၊ ချောဆီနှင့် အခြားစက်မှုသုံးဆီများ

(င) ထုပ်ပိုးပစ္စည်းများ

(စ) လျှပ်စစ်သုံးယာဉ်အမျိုးမျိုး

(ဆ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၂၃ ၏ အပိုဒ်၁(၄)ပါပစ္စည်းများ (ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ နှင့် အပိုပစ္စည်းများ)

( ဇ ) မွေးမြူရေးလုပ်ငန်းသုံးကုန်ကြမ်းများ

( ဈ ) ဆေးဝါးကုန်ကြမ်းပစ္စည်းများနှင့် ပရဆေးကုန်ကြမ်းများ

(ည) စက်မှုကုန်ကြမ်းများ (ပလပ်စတစ်ကော်စေ့၊ ပလပ်စတစ်ကုန်ကြမ်းများ အပါအဝင်)

( ဋ ) စက်မှုကုန်ကြမ်းဓာတုပစ္စည်းများ

( ဌ ) စားသောက်ကုန်ကြမ်းပစ္စည်းများ (စားသောက်ကုန်ထုတ်လုပ်ငန်းများအတွက် ပြည်တွင်း ထုတ်လုပ်သည့်ကုန်ကြမ်းနှင့် မလုံလောက်သဖြင့် ပြည်ပမှတင်သွင်းမှုကို အခြေခံသော စားသောက်ကုန်ကြမ်းပစ္စည်းများ)

( ဍ ) CMP စနစ်၏ အစိတ်အပိုင်းဖြစ်သောကုန်ကြမ်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများ ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ

( ဎ ) ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ

၃။ အကောက်ခွန်ကုန်လျှောင်ရုံသို့ ထည့်သွင်းသိုလှောင်နိုင်မည့် ကုန်စည်အမျိုးအစား အုပ်စုများကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်သွားမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန